# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

December 14 , 2023 Volume 73, Number 9

၁၄.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၀၃၃ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၃၅၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို Online CO Application System ဖြင့် စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များနှင့် အကောက်ခွန်သက်သာခွင့် အစီအစဉ်များအရ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်များကို Online CO Application System ဖြင့် စိစစ်ခွင့်ပြု ထုတ်ပေးလျက် ရှိပါသည်။

အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်အရ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား တင်ပို့သောကုန်စည်များ၏ အကောက်ခွန်သက်သာခွင့်အတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ အာဆီယံပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် အချက်အလက်လဲလှယ်ဆောင်ရွက်သည့် e-ATIGA Form D Data Exchange ကို အပြည့်အဝအကောင်အထည်ဖော်ရန် (၄၃) ကြိမ်မြောက် အာဆီယံကုန်စည်ကုန်သွယ် ရေးသဘောတူစာချုပ်၏ ပင်ရင်းနိုင်ငံစည်းမျဉ်းဆပ်ကော်မတီ အစည်းအဝေးတွင် သဘောတူညီခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးရေး အာဏာပိုင် ဖြစ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစတင်ကာ e-ATIGA Form D Data Exchange ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်းနှင့် Hard Copy Form D ကို စနစ်ချို့ယွင်းမှု (System Breakdown) ဖြစ်ပွားချိန်တွင်သာ ကိစ္စရပ် အလိုက်စိစစ်၍ ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## ရေနံချောင်းမြို့နယ်အတွင်း မြေပဲစိုက်ပျိုးထွက်ရှိမှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်အတွင်းရှိ ကမ္မ၊ သပွတ်စု၊ လက္ခပူပွင်၊ သားလူးကန်၊ မန်ကျည်းတိုင်း၊ ဝါရိုး၊ ကျောက်ဆူ ကျေးရွာများတွင် ဆီထွက်သီးနှံတစ်မျိုး ဖြစ်သော မြေပဲသီးနှံကို စီးပွားဖြစ်

စိုက်ပျိုးကြကြောင်း၊ မြေပဲမျိုးအနေဖြင့် ပင်ထောင်မျိုးနှင့်ပင်ပြန့်မျိုးကိုသာ အဓိကထားစိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးမြေပဲဆန် (၂) တင်းခန့် စိုက်ပျိုးရကြောင်း၊ မြေပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် မိုးရွာသွန်းမှုကိုအခြေခံ၍ ကဆုန်လနှင့်နယုန်လများတွင် စတင်စိုက်ပျိုးကြကြောင်းနှင့် ယခုနှစ်တွင် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ ပေါင်းရှင်းခအပါအဝင် စုစုပေါင်းကုန်ကျစရိတ်အနေဖြင့် မြေပဲ (ပင်ပြန့်မျိုး) တစ်ဧကလျှင် ကျပ် (၂,၈၀,၀၀၀)၊ မြေပဲ(ပင်ထောင်မျိုး) တစ်ဧကလျှင် ကျပ် (၂,၆၀,၀၀၀) ခန့် ကုန်ကျကြောင်း သိရသည်။

မြေပဲ(ပင်ပြန့်မျိုး) များကို သီတင်းကျွတ်လတွင် တူးဖော်ကြပြီး မြေပဲ (ပင်ထောင်မျိုး) များကို တော်သလင်းလပြည့်ကျော်တွင် တူးဖော်ရကြောင်း၊ မြေပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် မိုးရွာသွန်းမှုအပေါ်မူတည်၍ မိုးရွာသွန်းမှုများပါက မြေပဲတောင့် တင်း (၇၀ မှ ၈၀) အထိ ထွက်ရှိနိုင်ပြီး မိုးရွာသွန်းမှုနည်းပါက မြေပဲတောင့် တင်း(၄၀ မှ ၅၀)အထိ ထွက်ရှိနိုင်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ပင်ထောင်မျိုး (အစို) တစ်တင်းလျှင် ကျပ် (၁၃,၀၀၀ မှ ၁၄,၀၀၀)၊ ပင်ထောင်မျိုး (အခြောက်) တစ်တင်းလျှင် ကျပ် (၁၈,၀၀၀ မှ ၂၀,၀၀၀) ရရှိပြီး ပင်ပြန့်မျိုး (အစို) တစ်တင်းလျှင် ကျပ် (၁၅,၀၀၀ မှ ၁၆,၀၀၀)၊ ပင်ပြန့်မျိုး (အခြောက်) တစ်တင်းလျှင် ကျပ် (၂၀,၀၀၀ မှ ၂၂,၀၀၀) ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် မကွေးမြို့သို့ ရောင်းချရကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%9B%

## လမ်းကြောင်းပြောင်းကာပို့နေရသည့် သစ်သီးများ လမ်းခရီးဒဏ်ခံနိုင်မည့် အရည်အသွေးရှိဖို့လို

လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အရည်အသွေးကောင်းမွန်သည့် ဖရဲ၊ သခွားများကိုသာ တင်ပို့ရန် တရုတ်သို့ ဖရဲနှင့်သခွားတင်ပို့သူများက တိုက်တွန်းထားသည်။

"လွယ်ဂျယ်လမ်းကြောင်း၊ မိုင်းလားလမ်းကြောင်းက ကိုယ်စီအခက်အခဲတော့ရှိတာပေါ့။ ကုန်ထုတ်လမ်းကြောင်း ပေါက်တယ်ဆိုရုံလေးလို့ဆိုရမဲ့ အခွင့်အလမ်းပါ။ မကြာခင်ကြုံရာသီ တစ်ရှူးငှက်ပျောရာသီနဲ့ ဖရဲအထွက်များလာရင် ပိုခက်နိုင်တယ်"ဟု ခွာညိုသစ်သီးပွဲရုံက ဆိုသည်။

ထို့ပြင် မိုင်းလားဘက်မှ ဖရဲသခွားကားများ အဝင်/အထွက်ပိုမြန်ဆန်လာပြီး ကားချိန်းအလုပ်သမားခ တွဲကားတစ်စီးလျှင် (၁၀) သိန်းဝန်းကျင် အမှိုက်ပစ်ခ (၂) သိန်း၊ စုစုပေါင်း ကုန်ကျငွေ(၁၂) သိန်းရင်းမှသာ ဖရဲရောင်းရကြောင်းသိရသည်။

လက်ရှိ သခွားပေါက်ဈေးမှာ တစ်ကီလို ၂ ယွမ်မှ ၃ ယွမ်၊ ဖရဲတစ်ကီလိုလျှင် ၃ ယွမ် ၄ ယွမ်ရှိကြောင်း၊ ဖရဲ-သခွားများကို လမ်းခရီးဒဏ်ခံနိုင်မည့် အရည်အသွေးရှိသော အသီးများကိုသာ တင်ပို့ပါက အဆင်ပြေနိုင်ကြောင်း သိရသည်။

လက်ရှိရာသီသည် ဖရဲသီးများ စတင်ထွက်ရှိသည့်ကာလဖြစ်ပြီး ယခုအချိန်တွင် မန္တလေး၊ စစ်ကိုင်း၊ ပဲခူးအရှေ့ခြမ်း၊ ရန်ကုန်တိုင်း လှည်းကူးဒေသ၊ မိတ္ထီလာနှင့်သီပေါအစရှိသည့်ဒေသများမှ ဖရဲသီးများထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖရဲ၊ သခွားများကို မိုင်းလား၊ လွယ်ဂျယ်ဘက်မှ တင်ပို့သလို ပြည်တွင်းဈေးကွက်ဖြစ်သည့် ရန်ကုန်ဈေးကွက်တွင်လည်း ဖရဲသီးကားများမှာ တစ်စီးလျှင် ကျပ်သိန်း ၅၀ မှ ၈၀ ဝန်းကျင်အထိဈေးရရှိနေပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မူဆယ်လမ်းကြောင်းတွင် ပိတ်မိခဲ့သည့် ဖရဲကားများမှာ ရက်ကြာ၍ အပျက်အစီးများရှိသဖြင့် ကားခသာပြန်လည်ရရှိသည့် အခြေအနေများလည်းရှိကြောင်း ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

**Source:** https://www.popularmyanmar.com/?p=141416

## ပဲစင်းငုံသီးနှံ ပေါ်ဦးပေါ်စ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံသီးနှံကို နေရာအနှံ့အပြားတွင် စိုက်ပျိုးကြပါသည်။ ပဲစင်းငုံသီးနှံသည် ပို့ကုန်ပဲများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဝယ်လိုအားများသော သီးနှံလည်းဖြစ်ပါသည်။ ယခုရက်ပိုင်းတွင် ဈေးကွက်ထဲသို့ ပဲစင်းငုံ(နီ)အသစ်များ စတင်ဝင်ရောက်လာပြီဖြစ်ရာ ဒီဇင်ဘာလနောက်ပိုင်းတွင် များစွာဝင်ရောက်လာမည်ဖြစ်ပါသည်။ ယခုနှစ်ထွက်ရှိလာသည့် ပဲစင်းငုံသီးနှံသည် အရည်အသွေးကောင်းနေတဲ့အတွက် ပေါ်ဦးပေါ်စမှာပင် ဈေးကောင်းရနေကာ စိုက်ပျိုးသူတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိပါသည်။

ကုန်သည်များသည် အိန္ဒိယဝယ်လိုအားကိုစောင့်မျှော်ကာ ပဲစင်းငုံသီးနှံမထွက်ပေါ်မီ စက်တင်ဘာ၊ အောက်တိုဘာတို့မှစ၍ ကြိုပွဲငွေ့တစ်တင်းလျှင် (၈၀,၀၀၀/၉၀,၀၀၀) ကျပ်ဈေးဖြင့် ဝယ်နေကြသည်။ ပြီးခဲ့သည့်နှစ်တွင် ပဲစင်းငုံ(အဟောင်း)ဈေးသည် ကျပ်(၁,၀၀,၀၀၀) ဈေးဖြင့် နောက်ဆုံးအရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုရက်ပိုင်းတွင် ပဲစင်းငုံ(အသစ်)ဈေးမှာ ကျပ်(၁,၀၀,၀၀၀) ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

ယခုဝယ်လိုအားကတော့ ကုန်သည်လုပ်ငန်းရှင်များမှအဝယ်ရှိနေပြီး အောင်လံနယ်တစ်ဝိုက် ဈေးကွက်ထဲသို့ နေ့စဉ် ပဲစင်းငုံ(အသစ်)များ ပေါ်စဖြစ်သည့်အတွက် အိတ်(၅၀)လောက်သာ ဝင်ရောက်နေသေးကြောင်း ကုန်သည်တစ်ဦးထံမှသိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း (အညာ) ဈေးမြင့်လာ

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်းဝင်ရောက်မှုနည်းနေပြီး အရောင်း အဝယ်သွက် နေကြောင်းသိရသည်။ ရန်ကုန်နှင့်တရုတ်ဝယ်လက်ဝယ်ယူမှုရှိသောကြောင့် ပဲတီစိမ်း (ညာ) သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂,၀၀၀ မှ ၂၅,၀၀၀ ထိမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ပဲတီစိမ်း (အညာ)** ၅၆ ဒသမ ၂၅ ပိသာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁,၅၀,၀၀၀ မှ ၁,၆၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁,၂၅,၀၀၀ မှ ၁,၅၀,၀၀၀ ၊ ယခင်လကျပ် ၁,၅၀,၀၀၀ မှ ၁,၅၃,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅,၀၀၀ မှ ၂၅,၀၀၀ ၊ ယခင်လထက် ကျပ် ၁၂,၀၀၀ မြင့်တက်လာသည်။

**ပဲတီစိမ်း (ခွဲပဲ)** ၅၆ ဒသမ ၂၅ ပိသာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁,၁၅,၀၀၀ မှ ၁,၂၆,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁,၁၅,၀၀၀ မှ ၁,၂၆,၀၀၀ ၊ ယခင်လကျပ် ၁,၅၃,၀၀၀ မှ ၁,၅၈,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၃၂,၀၀၀ မှ ၃၈,၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန် အဝင်နည်း၊ အရောင်းသွက်

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မြေပဲဆန်ဝင်ရောက်မှုနည်းလာပြီး မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိကြောင်း၊ ကျွန်းတွင်စိုက်ပျိုးမည့် တောင်သူများမှ မျိုးမြေပဲများဝယ်ယူနေပြီး၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူနေသောကြောင့် မြေပဲဆန်တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၁၀၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆,၄၀၀ မှ ၆,၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅,၅၀၀ မှ ၅,၈၀၀၊ ယခင်လကျပ် ၅,၅၀၀ မှ ၆,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀၀ မှ ၁,၀၀၀၊ ယခင်လထက်ကျပ် ၄၀၀ မှ ၁,၀၀၀ မြင့်တက်လာသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၅,၈၀၀ မှ ၆,၃၀၀၊ ယခင်တစ်ပတ်ကျပ် ၅,၆၀၀ မှ ၆,၀၀၀၊ ယခင်လကျပ် ၅,၈၀၀ မှ ၆,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀၊ ယခင်လထက်ကျပ် ၃၀၀ မြင့်တက်လာသည်။

S1 **ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅,၃၀၀ မှ ၅,၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅,၂၀၀ မှ ၅,၃၀၀၊ ယခင်လကျပ် ၅,၄၀၀ မှ ၅,၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ယခင်လထက်ကျပ် ၁၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကံမမြို့နယ်မှထွက်ရှိသည့် ပဲတီစိမ်းနှင့်မတ်ပဲဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်အတွင်းရှိ လိပ်ဒုံး၊ ပြောင်ကျ၊ ပယ်ကျ၊ ဒန်းကိုင်း၊ ထန်းတပင်၊ ရွှေစင်၊ အလယ်ရွာစသည့် ကျေးရွာများတွင် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလကုန်အထိ ပဲသီးနှံ စိုက်ပျိုးမှုအနေဖြင့် ပဲတီစိမ်းသီးနှံ (၂၀၃၆) ကေနှင့် မတ်ပဲသီးနှံ (၂၁၉၉၅) ကေ အောင်မြင်စွာစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲသီးနှံဈေးနှုန်းများအနေဖြင့် နိုဝင်ဘာလ (စတုတ္ထပတ်) တွင် ပဲတီစိမ်းသီးနှံ (၃၀)ပိဿာဝင် တစ်အိတ်လျှင် ကျပ် (၇၅,၇၅၀-၇၆,၅၀၀)၊ မတ်ပဲသီးနှံ (၃၀) ပိဿာဝင် တစ်အိတ်လျှင် ကျပ် (၁,၃၀,၅၀၀) စသည့်ဈေးနှုန်းများဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ပြီး ဒီဇင်ဘာလ (ပထမပတ်) တွင် ပဲတီစိမ်း (၃၀) ပိဿာဝင် တစ်အိတ် လျှင် ကျပ်(၈၀,၂၅၀)၊ မတ်ပဲ (၃၀) ပိဿာဝင် တစ်အိတ်လျှင် ကျပ် (၁,၃၆,၅၀၀) ဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ တင်ပို့မှုအနေဖြင့် တစ်ရက်လျှင် ပဲတီစိမ်း အိတ်ရေ (၃၀ မှ ၇၀) ခန့်၊ မတ်ပဲအိတ်ရေ (၂၀ မှ ၅၀) ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့်စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့်ရေဦးခရိုင်များအနက် မုံရွာခရိုင်တွင် စပါး၊ ဆန်ဈေးနှုန်း များ အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ (ဒုတိယပတ်) တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂,၇၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ ရွှေဘိုရေမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရေမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ရေမင်း (ဆန်) (ဟောင်း) ၂၄ ပြည်တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ နွေစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈,၀၀,၀၀၀၊ နွေစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၃,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင်၊ ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်)၂၄ ပြည် တစ်အိတ်လျှင် ၉၅,၀၀၀ကျပ်၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ ရွှေဘိုရေမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁,၇၀၀,၀၀၀၊ ရေမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ရေမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ နွေစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈,၀၀,၀၀၀၊ နွေစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၃,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကလေးခရိုင်၊ ကလေးမြို့နယ်မှ ညော့မထ (စပါး) (သစ်) တင်း ၁၀၀ လျှင် ၁၇,၀၀,၀၀၀၊ ညော့မထ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅,၀၀၀၊ ညော့မထ (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ၂၈,၀၀,၀၀၀၊ ညော့မထ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၀၅,၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ၂၈,၀၀,၀၀၀၊ ငစိန်(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ၉၅,၀၀၀၊ ရေမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရေမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅,၀၀၀၊ ရေမင်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂,၈၀၀,၀၀၀၊ ရေမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၁၀,၀၀၀၊ နွေစပါး (ဒေသမျိုး) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁,၀၀,၀၀၀၊ နွေစပါး (ဒေသမျိုး) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ကသာခရိုင်၊ အင်းတော်မြို့နယ်မှ ဆင်းကေရီ (၃) (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၂,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၀,၀၀၀၊ ဆင်းကေရီ (၃) (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၁၉,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀,၀၀၀၊ ရွေမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၅,၀၀,၀၀၀၊ ရွေမင်း (ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၁,၂၀,၀၀၀၊ နွေစပါး (ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃,၀၀,၀၀၀၊ နွေစပါး (ဆင်း-၃) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရွေမင်း(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၃,၀၀,၀၀၀၊ ရွေမင်း (ဆန်)(သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅,၀၀၀၊ ရွေမင်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၅,၀၀,၀၀၀၊ ရွေမင်း (ဆန်) (ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၃၅,၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၀,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၅,၀၀၀၊ ပေါ်ဆန်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၀,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၆၀,၀၀၀၊ မနောသုခ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ မနောသုခ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀,၀၀၀၊ မနောသုခ (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀,၀၀,၀၀၀၊ မနောသုခ (ဆန်) (ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ရွေမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၉,၀၀,၀၀၀၊ ရွေမင်း(ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၇,၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅,၅၀,၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၅,၀၀၀၊ နွေစပါး ရွှေဝါထွန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆,၅၀,၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဒီဇင်ဘာလ(ပထမပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၉,၅၀၀၊ မန္တလေးသို့ အိတ်ရေ ၁၄,၃၀၀၊ ကချင်သို့ အိတ်ရေ (၁၀,၀၅၂)၊ မကွေးသို့ အိတ်ရေ ၂,၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၂,၃၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂,၃၀၀၊ ချင်းသို့အိတ်ရေ ၁,၆၂၇၊ မွန်သို့အိတ်ရေ ၂,၆၁၀ စုစုပေါင်းအိတ်ရေ (၄၄,၆၈၉) အိတ်၊ တန်အားဖြင့် (၂,၂၃၄) တန် စီးထွက်ခဲ့ပြီး၊ ဒီဇင်ဘာလ (ဒုတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၃,၂၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇,၃၀၀၊ ကချင်သို့အိတ်ရေ ၂,၇၈၈၊ နေပြည်တော်သို့ အိတ်ရေ ၃,၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂,၃၀၀၊ မွန်သို့ အိတ်ရေ ၂,၇၈၀ စုစုပေါင်းအိတ်ရေ (၄၁,၈၆၈) အိတ်၊ တန်အားဖြင့် (၂,၀၉၃) တန် စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ (၂,၈၂၁) အိတ်၊ တန်အားဖြင့် (၁၄၁) တန် လျော့နည်း၍ စီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%85%E1%80%

## ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံမှ ပဲစင်းငုံ(ခွဲခြမ်း)တန်ချိန် ၄ သိန်းနှင့် မတ်ပဲ (ခွဲခြမ်း)တန်ချိန် ၁ သန်းအား အိန္ဒိယဝယ်ယူသွားမည်

အိန္ဒိယနိုင်ငံသည် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ပဲစင်းငုံ(ခွဲခြမ်း)တန်ချိန် ၄ သိန်းကိုလည်းကောင်း ဖေဖော်ဝါရီလတွင် မတ်ပဲ(ခွဲခြမ်း)တန်ချိန် ၁ သန်းကိုလည်းကောင်း တင်သွင်းသွားမည်ဖြစ်ပြီး၊ ပြည်တွင်း၌ ၎င်းပဲအမျိုးအစားများ၏ ဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူတစ်ဦးက Economic Times သတင်းစာသို့ ပြောကြားခဲ့သည်။

အိန္ဒိယအနေဖြင့် ပဲစိုက်ဧကများကျဆင်းပြီး၊ ယခင်နှစ်ကထက် ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည့်အတွက် ယခုအခါတွင် ပဲများကို ပြည်ပမှတင်သွင်းလျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီလတွင် အဆိုပါပဲများကို သိုလှောင်၍ ဈေးတင်ရောင်းချခြင်းမှကာကွယ်ရန်နှင့် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ အစိုးရက ပဲလက်ကျန်သိုလှောင်ထားရှိမှုပမာဏကို ကန့်သတ်ထိန်းချုပ်ခဲ့သည်။ အဆိုပါကန့်သတ်ချက်သည် အောက်တိုဘာလ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသွားသည့်အတွက် ဒီဇင်ဘာလကုန်အထိ ထပ်မံ၍ သက်တမ်းတိုးမြှင့်ခဲ့သည်။

ဒီဇင်ဘာလ(၅)ရက်နေ့က မတ်ပဲ၏ အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး ပျမ်းမျှလက်လီဈေးမှာ ၁ ကွမ်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၁၁၁၉၈ ဒသမ ၀၉ ရှိပြီး၊ ယခင်နှစ်က ရူပီး ၉၆၂၇ ဒသမ ၄၈ သာရှိခဲ့ကြောင်း အစိုးရအချက်အလက်များအရ သိရသည်။ ပဲမျိုးစုံလက်လီဈေးဖောင်းပွမှုသည် အောက်တိုဘာလတွင် ၁၈ ဒသမ ၇၉ ရာခိုင်နှုန်းသို့မြင့်တက်ခဲ့ပြီး၊ အဓိကအားဖြင့် ပဲစင်းငုံ(၄၀ ဒသမ ၉၄%)၊ ကုလားပဲ(၁၁ ဒသမ ၁၆%)နှင့် ပဲတီစိမ်း (၁၂ ဒသမ ၇၅%)တို့က ဈေးဖောင်းပွမှုအမြင့်ဆုံးပဲများ ဖြစ်ကြောင်းသိရသည်။ ပဲစင်းငုံဈေးဖောင်းပွမှုနှုန်းသည် စက်တင်ဘာလကထက် ၃၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အစိုးရအနေဖြင့် မတ်လအတွင်းက ပဲစင်းငုံအပေါ် သွင်းကုန်ခွန်ဖယ်ရှားခဲ့ပြီး အာဖရိကနှင့်မြန်မာနိုင်ငံတို့မှ တိုးမြှင့်တင်သွင်းခဲ့သည့်ကြားက ယင်းကဲ့သို့ဈေးနှုန်းများမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေအနေအား ပိုမိုဆိုးရွားစေသည့်အချက်မှာ ခါရစ်(မိုးရာသီ)တွင် ပဲစင်းငုံစိုက်ဧကများကျဆင်းပြီး ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အပြန်အလှန်အားဖြင့် လွန်ခဲ့သောလအနည်းငယ်က စားနပ်ရိက္ခာဈေးနှုန်းများကို မြင့်တက်စေခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်က ပဲစင်းငုံစိုက်ဧရိယာ ဟက်တာ ၄ ဒသမ ၆၁ သန်းရှိခဲ့ပြီး၊ ၂၀၂၃ ခုနှစ် ကာလတူတွင် ဟက်တာ ၄ ဒသမ ၃၉ သန်းသို့ ကျဆင်းခဲ့ကြောင်း အစိုးရအချက်အလက်များက ဖော်ပြထားသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ခုနှစ် ခါရစ်ရာသီသီးနှံအထွက် ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပဲစင်းငုံအထွက်ကို ယခင်နှစ်နှင့်အလားတူတန်ချိန် ၃ ဒသမ ၄၂ သန်းထွက်ရှိမည်ဟု ခန့်မှန်းဖော်ပြထားသည်။ ယခုနှစ် မတ်ပဲ စိုက်ဧကမှာ ဟက်တာ ၃ ဒသမ ၀၇ သန်းရှိကာ ယခင်နှစ်က ဟက်တာ ၃ ဒသမ ၁၀ သန်းရှိခဲ့သည့်အတွက် ကျဆင်း ခဲ့ကြောင်း တွေ့ရသည်။

ပဲစင်းငုံ(ခွဲခြမ်း)ကို အိန္ဒိယနိုင်ငံဒေသအစိတ်အပိုင်းအများအပြားတွင် စားသုံးကြသည့်အတွက် တစ်နှစ်လျှင် တန်ချိန် ၄၅ သိန်း(၄ ဒသမ ၅ သန်း) လိုအပ်ကြောင်း အိန္ဒိယပဲမျိုးစုံနှင့်သီးနှံအသင်းဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ယခုနှစ် နိုဝင်ဘာလတွင် ပဲစင်းငုံဈေးနှုန်း ၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည့်အတွက် ပဲမျိုးစုံဈေးဖောင်းပွမှု ဆက်လက်အရှိန်မြင့်တက် နိုင်သည်ဟု ကျွမ်းကျင်သူများက ထောက်ပြကြသည်။ ပဲစင်းငုံကို လက်လီဈေးကွက်တွင် ၀ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုဝယ်ယူ ကြကြောင်း သိရသည်။ လက်ကားဈေးကွက်တွင် ပဲစင်းငုံ(ခွဲခြမ်း)ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၇ မှ ၉၀ အတွင်းရှိသည်။

ပြည်ပမှတင်သွင်းထားသော ပဲများဈေးကွက်အတွင်းဝင်ရောက်လာပါက ယခုကဲ့သို့ ပဲဈေးနှုန်း ရုတ်တရက်မြင့်တက်ခြင်းမျိုး မရှိနိုင်တော့ဟု ခန့်မှန်းရကြောင်း၊ လာမည့်နှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှတင်သွင်းထားသော ပဲစင်းငုံများသည် အိန္ဒိယသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း Kothari က ဖြည့်စွက်ပြောကြားခဲ့သည်။

ဘာရိုဒါဘဏ်(The Bank of Baroda)မှ ၂၀၂၃-၂၀၂၄ ခုနှစ် ခါရစ်သီးနှံများထွက်ရှိမှု ကြိုတင်ခန့်မှန်းချက်အစီရင်ခံစာအရ မတ်ပဲ(ခွဲခြမ်း) ထုတ်လုပ်မှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ကျဆင်းဖွယ်ရှိကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁ ဒသမ ၇၇ သန်းရှိပြီး၊ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၁ ဒသမ ၆ သန်းသာရှိမည်ဟု ၎င်းကခန့်မှန်းထားသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲမျိုးစုံအဓိကတင်သွင်းရာဈေးကွက်ဖြစ်ပြီး ပဲစင်းငုံနှင့်မတ်ပဲတို့ကို အများဆုံးဝယ်ယူ တင်သွင်းလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အဆိုပါပဲများကို တန်ချိန် ၁ သန်းအထိ မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသွားရန် ပြင်ဆင်လျက်ရှိသည့်အပေါ်သိရှိပြီး၊ လိုအပ်သလိုကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် လေ့လာသုံးသပ်တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်။ The Economic Times သတင်းဌာန၊ “India to import tur, urad from Myanmar in January-February”၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_13122023_12:05

## STOCK EXCHANGE (14.12.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,564 (Shares) | 20,559,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,600 | 8,700 | 8,600 | 878 | 7,553,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 2,737 | 7,803,550 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 134 | 991,600 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 33 | 52,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 772 | 1,506,500 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,600 | 4,800 | 4,600 | 330 | 1,521,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 680 | 1,131,000 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.58 | -0.62 | -0.17% | 362.62 | 363.58 | 359.78 | 5,564 | 20,559,550 | 8 | 685,777 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 5,564 (Shares) | 20,559,550 (MMK) |

### Main Board

As of 1:00 pm, 14th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,564 (Shares) | 20,559,550 (MMK) |

| MYANPIX | 363.58 ▼ 0.62 |
|---|---|
| Total Volume (shares) | 5,564 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▼ 100 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 1,650 | ▼ 50 |